
ဘာသာပြန်စာရေးဆရာ – အေးငြိမ်းကျော်
သူခိုးတစ်ယောက်ရဲ့
ဒဏ္ဍာရီ
(ဝတ္ထု)
(စာစဉ်–၄)
(Chapter 46 - 60)

အခန်း- ၄၆

(ရပြီ)

အလွန်ပျော်ရွှင်စွာ ရယ်မောလျှက် မီးလျှံသခင်သည် လက်ထဲက မြွေနဂါး ပုလဲကို ဆုပ်ကိုင်လိုက်၏။ သို့သော် သူ့မျက်နှာအမူအရာမှာ ချက်ချင်းပင် ဇာတ်ဆန်ဆန်ပြောင်းလဲသွားပြီး တစ်ကိုယ်လုံးသည်လည်း တောင့်တင်း သွားခဲ့သည်။

ခိုးယူခြင်းအတတ်ကျမ်းထဲ အလွန်ထူးဆန်းသည့် ဂွကျကျ နည်းလမ်းများ ရှိပြီး အစဉ်အလာကို ဆန့်ကျင်သည့် သမရိုးကျမဟုတ်သော ကျင့်စဉ်များစွာ တောင် ရှိသေး၏။ ထိုအထဲတွင် ဝိညာဉ်သားရဲတို့၏ အမြုတေကို အတွင်း စွမ်းအင်အသုံးပြု၍ မည်သို့လှုံ့ဆော်ပေးကာ အမြုတေထဲမှ စွမ်းအင်ကို မည် ကဲ့သို့ အစပျိုးပေးရမည် ဆိုသည်ကို သင်ကြားပေးသည့် နည်းလမ်းတစ်ခုရှိ သည်။ တည်ငြိမ်နေသော မြွေနဂါးအမြုတေထဲသို့ ဂူကျိုက အတွင်းရေ စွမ်းအင်မျှင်လေးတစ်ခု ထည့်သွင်းလိုက်သည့်အခါ အမြုတေထဲမှ များပြား သော စွမ်းအင်တို့သည် ရုတ်ချည်း စတင်ပေါက်ကွဲလာတော့သည်။ ဤ သည်မှာ ယမ်းမှုန့်ပုံးထဲသို့ မီးပွင့်လေးတစ်ပွင့် ကျသလိုပင် ဖြစ်သည်။

အမျက်ပြင်းပြင်း ဒီရေလှိုင်းကြီးသကဲ့သို့ ထုထည်ကြီးမားလှသည့် ရေ ဓာတ်စွမ်းအင်တို့သည် လေအေးတစ်ချက်ကို သယ်ဆောင်ကာ ထစ်ချုန်း လာခဲ့သည်။ ထို့နောက် သိမ်မွေ့သော မြည်ဟည်းသံကိုပြုလျက် မီးလျှံ သခင်၏ ခန္ဓာကိုယ်ပေါ်သို့ ထိုးတက်သွားလေသည်။ ရလာဒ်အနေဖြင့်

မီးလျှံသခင်၏ လက်ဖဝါးသည် အဖြူရောင်နှင်းခဲများဖြင့် လွှမ်းခြုံသွား၏။ သူ၏ ခန္ဓာကိုယ်တစ်လျှောက်တွင် ရေခဲကျောက်ကလေးများပါ ပျံ့နှံ့လာကြသည်။

အသက်တစ်ရှိုက်စာမျှ အချိန်ကလေးအတွင်း ကြောက်မက်ဖွယ်ရာ ဆီးနှင်းခဲများသည် မီးလျှံသခင်အား ရေခဲရုပ်တုတစ်ခုအဖြစ်သို့ပင် ပြောင်းလဲလိုက်သည်။

ရေဓာတ်နှင့် မီးဓာတ်တို့မှာ သဘာဝ ရန်ဘက်များဖြစ်ကြရာ ဤရေကန်ကြီးထဲတွင် နှစ်ပေါင်း သုံးထောင့်ရှစ်ရာနီးပါး နေခဲ့သည့် အတွင်းရေမြွေနဂါးကြီးသည် မီးလျှံသခင်သကဲ့သို့ ရှန်းထျန်ကနဦးရှိုက်လေအလွှာ ကျင့်ကြံရေးအဆင့် ရှိသည်။

သို့သော် အတွင်းရေမြွေနဂါး၏ ခန္ဓာကိုယ်မှာ ပေသုံးရာကျော်ရှိကာ အလွန်ကြီးမားလှသဖြင့် သူ့ကိုယ်တွင်းရှိ ရေဓာတ်စွမ်းအင်တို့မှာလည်း မီးလျှံသခင်၏ ကိုယ်ထဲတွင်ရှိသည့် အတွင်းစွမ်းအင်တို့ထပ် အနည်းဆုံး အဆတစ်ထောင် ပိုများသည်။

ဤသည်မှာ မီးခြစ်ဆံကလေးကို ရေပုံးကြီးတစ်ပုံးဖြင့် ငြှိမ်းသတ်လိုက်သကဲ့သို့ပင် ဖြစ်တော့၏။ မီးလျှံသခင်၏ ကိုယ်တွင်းရှိ မီးဓာတ်စွမ်းအင်တို့မှာ ချက်ချင်းပင် ငြှိမ်းသတ်ခံလိုက်ရသည့်ပမာ။ တစ်ချိန်တည်းမှာပင် သူ့ခန္ဓာကိုယ်သည် မြွေပုလဲဆီမှ များပြားသည့် စွမ်းအင်ပမာဏကို တောင့်မခံနိုင်တော့ချေ။ ထို့ကြောင့် အေးစက်သော ဆီးနှင်းခဲဖြင့် ချက်ချင်း သေပွဲဝင်သွားရသည်။

ဝူကျို၏ မျက်နှာတွင် လောင်ပြုံးကလေးဖြင့် မြွေပုလဲကို ပြန်ယူလိုက်တော့သည်။။ ပင့်ကူလက်ကို ထုတ်ဖော်ကာ မီးလျှံသခင်၏ ကိုယ်အတွင်းသို့ စီးဝင်သွားသည့် ရေဓာတ်စွမ်းအင်အားလုံးကို ပြန်ထုတ်ယူလိုက်၏။ မီးလျှံ

သခင်ကိုသတ်ရန် စွမ်းအင်နည်းနည်း သုံးခဲ့ရသော်လည်း စွမ်းအင်ပမာဏ စုစုပေါင်းနှင့်ယှဉ်လျှင် မပြောပလောက်ချေ။

မီးလျှံသခင်၏ ရင်ဘတ်ကို လက်ဖြင့်တစ်ချက်ရိုက်ကာ အေးခဲနေသည့် နှလုံးကို အစိတ်စိတ်အမြွှာမြွှာ ကွဲစေလိုက်သည်။ ထို့နောက် ပင့်ကူလက်ကို လှည့်ပတ်ကာ မပပျောက်သေးသည့် မီးလျှံသခင်၏ စွမ်းအင်နှင့် သွေးအဆီအနှစ်တို့ကို စုပ်ယူလိုက်သည်။ အဆိုပါ ချီနှင့် သွေးအဆီအနှစ်တို့သည် တောက်ပနေသည့် အနီရောင်အမျှင်လေးတစ်ခုအဖြစ် ပြောင်းလဲကာ ဝူကျိ လက်ဝါးထဲသို့ တိုးဝင်သွား၏။

ရှန်းထျန်၊ အသက်ရှူခြင်းအလွှာသို့ တိုးဖောက်ပြီးသည့်အခါ ဝူကျိ စုပ်ယူနိုင်သည့် စွမ်းအင်နှင့် သွေးအဆီအနှစ် ပမာဏသည် တစ်ထောင်ပုံလျှင်တစ်ပုံမှ တစ်ရာပုံတစ်ပုံအထိ တိုးတက်သွားသည်။ မီးလျှံသခင်သည် မိစ္ဆာလမ်းစဉ်ကျင့်ကြံသူဖြစ်သော်လည်း သူ၏ စွမ်းအင်နှင့် သွေးအဆီအနှစ်မှာ အတော်လေး အားကောင်းလှသေးသည်။ ဝူကျိထပ် အဆတစ်ရာပိုသန်မာလေသည်။ မီးလျှံသခင်ထံမှ ဝူကျိ ခိုးယူခဲ့သည့် စွမ်းအင် တစ်ရာပုံတစ်ပုံမှာ ယခုလက်ရှိ သူ့တွင်ရှိနေသည့် စွမ်းအင်ပမာဏစုစုပေါင်းနှင့် တူညီသလောက်ရှိလေ၏။

သူ့ခန္ဓာကိုယ်အတွင်း ပေါက်ကွဲထွက်လာသည့် စွမ်းအင်ကို လျင်မြန်စွာ လှည့်ပတ်ရင်း လျှို့ဝှက်အိတ်ကပ်ထဲသို့ မြွေပုလဲကို ဝူကျိ ထည့်သိမ်းလိုက်သည်။ ထို့နောက် သေဆုံးသွားသည့် မီးလျှံသခင်ကို ပေတစ်ရာကျော် ရောက်သွားအောင် သူအားပြင်းပြင်း ကန်ထည့်လိုက်၏။ မြင်တွေ့လိုက်ရသည့်အရာကြောင့် ထုံထိုင်းတွေဝေသွားရှာသည့် လုချန်ဖန်းနှင့် တခြားလူများကို ဝူကျိ ကြည့်ကာ လက်ကိုဝှေ့ယမ်းလျက် နေရာမှမြန်မြန်ရှောင်ကြရန် အချက်ပြလိုက်သည်။

ထိုအချိန်တွင် မြွေပုလဲအား လိုချင်တပ်မက်နေသည့် အခြားသိုင်းသမား တချို့သည်လည်း ဝူကျိ အနားတွင် ရောက်ရှိနေကြသည်။

သို့ရာတွင် မည်ကဲ့သို့မှန်းမသိရသော နည်းလမ်းတစ်ခုဖြင့် မီးလျှံသခင် အသတ်ခံလိုက်ရသည်ကို မြင်သောအခါ သူတို့အားလုံး ကြက်သေသေသွား ခဲ့ကြသည်။ သိုင်းသမားများအားလုံး နောက်ပြန်လှည့်ကာ အသက်လုပြေး ကြလေတော့သည်။

ရှန်းထျန်လောကရှိ ကျင့်ကြံသူတစ်ဦးကသာ အခြားရှန်းထျန်အဆင့် ကျင့် ကြံသူတစ်ဦးကို သတ်နိုင်မည်။ သို့သော် သိုင်းသမားအားလုံးမှာ ဟိုထျန်း ထိပ်ဆုံးသာရှိကြသေးသည်။ ယခု ဝူကျိနှင့် ယှဉ်ပြိုင်တိုက်ခိုက်ရန် သူတို့ မည်သို့ စွမ်းနိုင်ပါမည်နည်း။

"ဒီကောင်တွေ အကုန်သတ်လိုက်... တစ်ယောက်ကိုမှ စကားမဖြန့်စေ နဲ့...."

မြေပေါ်မှ လေးလံသည့် လူရိုင်းဓားတစ်ချောင်းကို ဝူကျိ ကောက်ကိုင် လိုက်သည်။ ဓားတစ်ချက်ယမ်းကာ ဓားချီကိုထုတ်ဖော်လျက် ယောကျာ်းသုံး ယောက်ကို နှစ်ပိုင်းစီဖြတ်ပစ်လိုက်သည်။ လုချန်ဖန်း၊ ကျန်းဟူနှင့် ဟူဝေ တို့လည်း တစ်ချိန်တည်းပြေးဝင်လာကာ ထွက်ပြေးရန် ကြိုးစားနေသည့် သိုင်းသမားနှစ်ယောက်ကို သတ်ဖြတ်လိုက်ကြသည်။

ယခု ဤနေရာသည် ဖရိုဖရဲတိုက်ပွဲမြေပြင်အဖြစ်သို့ ပြောင်းလဲသွား တော့၏။ ယန်ပုကွေဦးဆောင်သည့် သိုင်းသမားများက လူရိုင်းများကို ခက် ခက်ခဲခဲတိုက်ခိုက်နေရပြီး ဝူကျိ တို့၏ လူသတ်ပွဲမှာ အချိန်အတော်ကြာ သည်ထင်ရသော်လည်း တကယ်တမ်းမှာ စက္ကန့်အနည်းငယ်သာ ကြာ လိုက်ခြင်းဖြစ်သည်။ ပြီးနောက် ဝူကျိနှင့် အခြားလူတို့သည် ဘာမျှမဖြစ်ခဲ့ သည့်အတိုင်း တစ်ချိန်လုံး လူရိုင်းများကို တိုက်ခဲ့ကြသဖွယ် ဟန်ဆောင်၍

တိုက်ပွဲအတွင်း ပြန်ခုန်ဝင်လိုက်ကြသည်။

ထူးဆန်းစွာပင် မည်သူကမျှ မီးလျှံသခင်ကို သူတို့ သတ်ခဲ့ကြမှန်း သတိမထားမိကြချေ။

လျှိုစွေ့ဖုန်းနှင့် လုချွီယွမ်တို့နှစ်ယောက်စလုံးသည် ဝူကျိုနှင့် သိပ်မကွာသည့်နေရာတွင် သူတို့၏ သက်တော်စောင့်များကို တောင်ခြေအထိ တိုးဝင်တိုက်ခိုက်သွားရန် အမိန့်ပေးနေကြသည်။ ယန်ပုကွေ့၏ ရက်ရက်ရောရော ဆုချမည် ဟူသည့်ကတိစကားက သူတို့နှစ်ယောက်၏ အာရုံကိုဖမ်းစားသွားစေ၏။ သူတို့နှစ်ဦးသည်သာ ကင်းထောက်အရာရှိတစ်ယောက်၏ ရက်ရက်ရောရော ဆုလာဒ်သည် မည်သို့ အဓိပ္ပါယ်ရှိမှန်း အသေအချာသိကြသည် မဟုတ်ပါလား။

ထိုအချိန်တွင် လက်ထဲက လူရိုင်းဓားကြီးကို ဝူကျို လွှင့်ပစ်ကာ သေနေသည့် သိုင်းသမားတစ်ဦးအနားရှိ ဓားပေါ့တစ်ချောင်းကို ချက်ချင်း ပြောင်းကိုင်လိုက်သည်။ ဓားကို အကြိမ်အနည်းငယ်မျှ လွှဲယမ်းကာ သူ၏အရှေ့မှ လူရိုင်း (၁၂) ယောက်ကို မြန်မြန်ပင် သတ်လိုက်သည်။ ဝူကျိုက ရှန်းထျန်အဆင့် အသက်ရှူခြင်းအလွှာသို့ တိုးဖောက်ခဲ့ပြီးဖြစ်သည်။ ထိုကြောင့် ဟိုထျန်းထိပ်ဆုံးအဆင့်သိုင်းသမား (၁၀၀) က သူ့အားတစ်ချိန်တည်း တိုက််ခိုက်လာခြင်းမှမဟုတ်ပါလျှင် ဒီဟိုထျန်းထိပ်ဆုံးအဆင့် သိုင်းသမားများမှာ သူ၏ တစ်ဦးချင်းပြိုင်ဘက်မဟုတ်ချေ။

စက္ကန့်အနည်းငယ် တိုက်ခိုက်ပြီးနောက် လူရိုင်းတစ်ရာကျော်ကို ဝူကျို သတ်ဖြတ်လိုက်ပြီးဖြစ်သည်။ ဤတိုက်ခိုက်မှုမှာ ဝူကျိုအတွက်တော့ ကြက်ကလေးငှက်ကလေးများ သတ်ဖြတ်ရသလိုပင် လွယ်ကူလွန်းလှလေသည်။ ထို့နောက်တွင် လုချန်ဖန်း၊ ကျန်းဟူ၊ ဟူဝေတို့နှင့် လိုဏ်ဂူအနားသို့ ချဉ်းကပ်လာခဲ့ပြီး ဝူကျိုက အသံကျယ်ကျယ် အော်ဟစ်လိုက်လေ၏။

"ယန်သခင်ကြီး… သခင်လေးက အကူအညီပေးဖို့ ကျွန်တော်တို့ကို ခေါ်လာပါတယ်…"

ပိုမြင့်သည့် လိုဏ်ဂူတစ်ခုထံမှ ယန်ပုကွေ့၏ အသံက ထွက်လာသည်။

"ကောင်းတယ်… လမ်းပိတ်တဲ့ကောင်တွေ အကုန်သတ်ပြီး ငါ့ဆီလာခဲ့… မင်းတို့ကို အမြင့်ဆုံးအကျိုးပြုတယ်လို့ ငါအမှတ်ပေးမယ်… ဒီသောက်လူရိုင်းတွေ အကုန်သတ်…"

ဝုန်းခနဲအသံနှင့်အတူ မြေပေါ်မှ ပေတစ်ထောင်အမြင့်ရှိ ဂူထဲမှ မီးလုံးကြီးတစ်လုံး ထွက်လာသည်။ ပုံစံကြည့်ရသည်မှာ ယန်ပုကွေ့တစ်ယောက် နောက်ထပ် ပေါက်ကွဲအဆောင်တစ်ခုကို အသုံးပြုလိုက်ပုံပေါ်သည်။ အရွယ်မရောက်သေးသည့် လူရိုင်းငယ်ပေါင်းများစွာသည် ပေါက်ကွဲမှုအရှိန်ကြောင့် ဂူထဲမှ ထွက်လာကြပြီး အော်ဟစ်လျက်ပြုတ်ကျသွားလေသည်။

လက်ထဲမှဓားကို လွှဲယမ်းကာ လူရိုင်းတစ်ဒါဇင်ကို ထပ်မံခုတ်ပိုင်းလိုက်ရင်း ဝူကျိုကရယ်နေ၏။ ထို့နောက်တွင်ကား သူသည် သူ့တို့ကိုယ်ပေါ်လက်တင်၍ စွမ်းအင်နှင့် သွေးအဆီအနှစ်များစွာကို စုတ်ယူတော့သည်။ မီးလျှံသခင်ထံမှရခဲ့သည့် စွမ်းအင်နှင့် သွေးအဆီအနှစ်ကို ဝူကျို ချေဖျက်၍မပြီးသေးပေ။ ထို့ကြောင့် လူရိုင်းများ၏ စွမ်းအင်နှင့် သွေးအဆီအနှစ်များကို ဘယ်လက်ဝါး၏ အလယ်တွင်ပင် စုဆောင်းထားလိုက်သည်။ သူ့ဘယ်လက်ဝါးမှာ ကျယ်ပြန့်လာပြီး ထိတ်လန့်ဖွယ် သွေးနီရောင်အလင်းတန်းတစ်ခုကို ထုတ်လွှတ်နေတော့၏။

ရုတ်တရက်ပင် သူ့အနောက်မှ မျောက်ဝံအော်သံ ဝူးဝူးဝါးဝါးကို ဝူကျိုကြားလိုက်ရသည်။နောက်တစ်ကြွန့် အကြာတွင်ကား လူရိုင်း သားရဲသိုင်းသမားတစ်ယောက် သူ့ဆီ ချဉ်းကပ်လာပြီး လုံ့ရှည်ကြီးကို သူ့ခေါင်းဆီပစ်လွှတ်လိုက်သည်ကို မြင်လိုက်ရသည်။

ဤ လူရိုင်းသားရဲသိုင်းသမား၏ အနောက်တွင်မူ အနက်ရောင် မိုတ်တုတ်တုတ်အလင်းလုံးကြီးရှိပြီး ထိုအထဲတွင်တော့ ဆယ်ပေရှည်သည့် မျောက်ဝံမည်းကြီးတစ်ကောင်ရှိလေသည်။ ဝူကျိုထံသို့ လျှင်မြန်စွာ ချဉ်းကပ်လာသည့် လုံဆူးချွန်ရှည်ကြီးမှာ ဘာမှန်းမသိရသည့် အနက်ရောင် သတ္တုတစ်မျိုးမှ ပြုလုပ်ထားခြင်းဖြစ်၏။ လုံကြီးမှာ အလွန်ကြီးမားလှပြီး ဝူကျိုအား မထိခင်ကတည်းက သူ့အနောက်လိုက်လာသည့် လုချန်ဖန်းနှင့် တခြားလူများမှာ ပြင်းထန်ဖိအားတစ်ခုကို ခံစားလိုက်ကြရကာ အသက်ရှူရသည်ပင် ခက်ခဲလာတော့သည်။

လူရိုင်း သားရဲသိုင်းသမားကို ဝူကျို အေးစက်စွာကြည့်လိုက်ပြီး လက်ဝါးအလည်တွင် စုပ်ယူထားသော စွမ်းအင်နှင့် သွေးအဆီအနှစ် တစ်ဝက်ကို လှည့်ပတ်ကာ အားပြင်းစွာ တိုက်ခိုက်လိုက်သည်။ သူ့လက်ဝါးဆီမှ နှစ်ပေရှိသည့် သွေးနီရောင်လက်ဝါးကြီးတစ်ခု ထွက်ပေါ်လာပြီး ခိုက်ခိုက်တုန်ချမ်းစေသည့် အအေးဓာတ်နှင့်အတူ လုံရှည်ကြီးကို ထိသွားလေသည်။ လေဟုန်ပြင်းသကဲ့သို့ တိုက်ခိုက်လာသည့် လက်ဝါးကြီးကြောင့် လုံရှည်ကြီးမှာ ချက်ချင်းကျိုးကြေသွားရသည်။ ထို့နောက် လူရိုင်းသားရဲသိုင်းသမား၏ ရင်ဘတ်တည့်တည့်အား ဝူကျို့ သွေးလက်ဝါးဖြင့် ရိုက်ချလိုက်တော့သည်။ ထိုလူရိုင်း၏ ရင်ဘတ်မှာ အစိတ်အပိုင်းပေါင်းများစွာ လွင့်စင်ထွက်သွားတော့၏။

မျောက်ဝံကြီး၏ စူးစူးဝါးဝါးအော်ဟစ်သံကြီးမှာ ပဲ့တင်ထပ်သွားလေသည်။ သို့နောက်တွင် လူရိုင်းသားရဲသိုင်းသမားနောက်တွင်ရှိနေသည့် အနက်ရောင်မျောက်ဝံကြီးသည် မိုးပေါ်သို့ ခုန်တက်သွားတော့သည်။ ဝူကျိုက အတွင်းရေစွမ်းအင်ကို ဓားထဲထည့်သွင်းကာ အနက်ရောင်မျောက်ဝံကြီး၏ နှလုံးအား ဓားချီဖြင့် ထိုးဖောက်လိုက်တော့သည်။

အနက်ရောက်မျောက်ဝံကြီး၏ ဝိညာဉ်မှာ အစိတ်စိတ်အမြွှာမြွှာကွဲကြေသွားပြီး နေရာအနှံ့ ပျံ့သန်းသွားလေသည်။ ဂူကျိုက ခိုးယူခြင်းအတတ်ကျမ်းမှ လျှို့ဝှက်ကျင့်စဉ်တစ်မျိုးကို ထုတ်ဖော်လိုက်ခြင်းဖြစ်သည်။ ထို့နောက် ဝိညာဉ်အပိုင်းအစများအားလုံးကို စုပ်ယူကာ အတွင်းရေစွမ်းအင်ဖြင့် သန့်စင်လျက် သူ၏ ဝိညာဉ်အတွင်းသို့ ပေါင်းစည်းလိုက်တော့သည်။

သူ့စိတ်ဝိညာဉ်မှာ ပို၍ ခိုင်မာလာကြောင်း ဂူကျို ခံစားမိနေသည်။ တစ်ချိန်တည်းမှာပင် သူ၏ အာရုံငါးဖြာတို့မှာလည်း ပိုပြီး တိုးတက်ပြတ်သားလာကြသည်။ သူသည် ပျော်ရွှင်စွာရယ်ကာ ဘယ်လက်ဖြင့် လူရိုင်းဆယ့်ရှစ်ယောက်ကို ထပ်မံသတ်ဖြတ်လိုက်သည်။ တစ်ချိန်တည်းပင် သူတို့၏ စွမ်းအင် သွေးအဆီအနှစ်များကိုလည်း လက်ဝါးအတွင်း စုပ်ယူသိမ်းဆည်းလိုက်သည်။

ထို့နောက် လုချန်ဖန်းတို့နှင့်အတူ ဂူထဲတိုးဝင်သွားတော့သည်။

လျှိုစွေ့ဖုန်းနှင့် လုချီယွမ်တို့သည်လည်း သက်တော်စောင့်များနှင့် ဂူထံရောက်လာကြပြီဖြစ်ပြီး ဂူကျို အနောက်သို့ ထပ်ကြပ်မကွာ လိုက်ကြလေ၏။

လုချန်ဖန်း၏ ကျောကုန်းကို ကြည့်လျက် လုချီယွမ်က အသံတိုးတိုးကျိန်ဆဲနေသည်။

"အမြင့်ဆုံးအကျိုးပြုတယ်တဲ့လား... သောက်မျိုးမစစ်ကောင်... မင်းနဲ့မတန်ဘူး... ငါတို့ဘဲရရမယ်..."

ဂူကျို၏ ဦးဆောင်မှုအောက်တွင် သူတို့သည် အခက်အခဲမရှိပဲ အပေါ်ဘက်ဂူသို့ တက်လာနိုင်ခဲ့ကြသည်။ နောက်ဆုံး ယန်ပုကွေ့နှင့် ပြန်လည်ပေါင်းစည်းမိကြလေသည်။

ယခုအချိန်တွင် ကင်းထောက်အရာရှိ နှစ်ဆယ်သာ ကျန်ပြီး သူတို့အရှေ့တွင်ကား လူရိုင်းစစ်သည် နှစ်ရာကျော်ဖြင့် ပြည့်နေသည့် ဂူကြီးတစ်ခုရှိနေပေသည်။

ထိုစစ်သားများမှာ ကောင်းမွန်စွာပြုလုပ်ထားသည့် ချပ်ဝတ်များကို ဝတ်စားထားကြပြီး သူတို့ထဲတွင် သားရဲသိုင်းသမားဒါဇင်များစွာ ပါဝင်သေးသည်။ ထိုစစ်သည်များ၏ အနောက်တွင်ကား ရွှေစစ်စစ်ဖြင့်ပြုလုပ်ထားသည့် ယစ်ပလ္လင်တစ်ခုက ရှိနေသည်။ အပေါ်တွင်ကား လေးပေရှိသည့် အနက်ရောင် ကျောက်ကမ္ပည်းတိုင်များကို သေသပ်စွာတင်ထားလေသည်။

"အဲ့ဒီ့ ကျောက်ကမ္ပည်းတိုင် သုံးခုကို ယူပေးနိုင်တဲ့ ဘယ်သူ့ကိုမဆို.... ဒီတာဝန်အတွက် အမြင့်ဆုံးအကျိုးပြုနိုင်ခဲ့ပါတယ်လို့ သတ်မှတ်မယ်..."

ယန်ပုကွေ့၏ ကိုယ်အား သွေးများက လွှမ်းခြုံထားပြီး အရှုံးအမူး လူဆက်တိုက် သတ်ခဲ့ရသောကြောင့် မျက်လုံးများလည်း နီရဲနေသည်။ သူက ဆက်ပြော၏။

"စစ်သူကြီးချုပ်က ဒီကျောက်ကမ္ပည်းတိုင်တွေအတွက် ဆုငွေထုတ်ခဲ့တာ နှစ်ပေါင်းတစ်ရာကျော်ပြီ... အဲဒီ့ကျောက်ပြားတွေ သူ့ဆီယူလာပေးနိုင်တဲ့လူကို နယ်ပယ်တစ်ခုရဲ့ အရှင်သခင်ဘွဲ့ရာထူးပေးမယ်..."

နယ်ပယ်တစ်ခုရဲ့ အရှင်သခင်...

လုချန်ဖန်း၊ လှိုစွေ့ဖုန်းနှင့် လုချီယွမ်တို့နှစ်ယောက် တစ်ချိန်တည်းပင် သက်ပြင်းရှိုက်မိကြသည်။ နယ်ပယ်တစ်ခုကို အစားရမည့် အရှင်သခင်ဖြစ်လာလျှင် ထိုနယ်ပယ်သည် သူ၏ ကိုယ်ပိုင်မိသားစုအတွက် အမွေခံမြေလည်း ဖြစ်လာမည်ဖြစ်သည်။ စီရင်စုတစ်ခု၏ ဘုရင်ခံဖြစ်ခြင်းနှင့် လုံးဝကိုကွာခြား၏။

ထို့အပြင် မဟာယန်မင်းဆက်ကဆုချမည့် နယ်မြေမှာလည်း တခြားသော တိုင်းပြည်ငယ်ကလေးများ ဆုချမည့် နယ်ပယ်များထပ် ကျယ်ပြန့်ကြီးမား ပေလိမ့်မည်။ ပုံမှန်ဆိုလျှင် မဟာယန်မင်းဆက်က ဆုပေးသည့် နယ်မြေသည် ပမာဏအားဖြင့် သုံးဆလေးဆခန့်အထိ ကြီးမားပေလိမ့်မည်။ လူနေသိပ်သည်းမှုဖြစ်စေ၊ အခွန်ကောက်ခံမှုဖြစ်စေ တိုင်းပြည်ငယ်များထပ် ပို၍ သာလွန်ပေလိမ့်မည်။

"ဝူကျို…"

လုချန်ဖန်းက ကျယ်လောင်စွာ အော်ဟစ်လိုက်၏။

ဝူကျိုလည်း အသံကုန်ထုတ်၍ ဟစ်ကြွေးလိုက်သည်။ အတွင်းစွမ်းအင်များ အားလုံးတို့ကို လှည့်ပတ်လိုက်ပြီး ခဏကမှ စုပ်ယူထားခဲ့သည့် စွမ်းအင်၊ သွေးအဆီအနှစ်များတို့နှင့် ပေါင်းစည်းကာ ကြောက်ဖက်ဖွယ်ရာ ပေါက်ကွဲစွမ်းအားတစ်ခုအဖြစ် ပြောင်းလဲလိုက်၏။ စွမ်းအားမှာ လွန်စွာကြီးမားလှသဖြင့် သွေးကြောများကို ကိုးကြိမ်ထိ ခိုင်ခံ့အောင်ပြုပြင်ထားသည့် ဝူကျိုပင် တောင့်မခံနိုင်ပါချေ။ အားစိုက်ရလွန်းသဖြင့် လက်ဝါးပေါ်မှ သွေးပြန်ကြောများနှင့် အကြောမှတ်များ ပွင့်ထွက်ကာ စုတ်ပြဲကုန်ကြသည်။ ပြင်းထန်လွန်းသည့် နာကျင်မှုကြောင့် ဝူကျို၏ မျက်လုံးများမှ သွေးများစီးကျလာလေသည်။

"သွားစမ်း…."

ဝူကျို ကျယ်လောင်စွာအော်ဟစ်ကာ လက်ဖဝါးမှနေ၍ သွေးနီရောင် အလင်းတန်းတစ်ခုကို ထုတ်လွှတ်လိုက်သည်။ သွေးနီရောင်အလင်းတန်းသည် ဆယ်ပေမျှ အချင်းရှိ၍ ပေတစ်ရာမျှရှည်ပြီး သွေးညှီနံ့များ လွှမ်းနေ၏။ အလင်းတန်းထဲရှိ ပြင်းထန်သော အအေးဓာတ်ကြောင့် ဂူထဲရှိ အပူချိန်မှာ ဒီဂရီပေါင်းများစွာ ကျဆင်းသွားပြီး အားနည်းသူအများစုမှာ

ခိုက်ခိုက်တုန်၍ ချမ်းအေးလာကြသည်။

သွေးနီရောင်အလင်းတန်းကြီးသည် လူရိုင်းစစ်သည်များ၏ အလယ်သို့ ဝင်ရောက်ကာ ပေါက်ကွဲသွားတော့သည်။ ပေါက်ကွဲမှုအလယ်ဗဟိုမှ လက်မခန့်အရွယ်ရှိ ရေတွက်မရသော သွေးနီအလင်းငယ်များ ထွက်ပေါ်လာနေပြီး အနည်းဆုံး လူရိုင်းစစ်သည်တစ်ရာခန့်အား အသက်နှုတ်ကာ လူရိုင်းတို့၏ ခန္ဓာကိုယ်များကို အပေါက်များဖြစ်ပေါ်စေပြီး ဒဏ်ရာရစေလိုက်တော့၏။

တိုက်ခိုက်မှုကို ထုတ်လွှတ်ပြီးသည့်အခါ ဂူကျို၏ အတွင်းရေစွမ်းအင်များမှာ ကုန်ခမ်းသွားပြီ ဖြစ်သည်။ အခု သူသည်အလွန်အားနည်းလွန်း၍ မနည်း မတ်မတ် ရပ်နေရသည်။ ထို့နောက် သက်ပြင်းတစ်ချက်ကို ရှိုက်လိုက်သည့်အခါ လျှို့ဝှက်အိတ်ကပ်အတွင်း သိမ်းဆည်းထားသည့် မြွေပုလဲသည် သူ့ခန္ဓာကိုယ်အတွင်းသို့ အေးစက်သောစွမ်းအင်များ အဆုံးအစမဲ့ ပို့လွှတ်နေလေသည်။ သူ့စွမ်းအင်ပမာဏက ပုံမှန်အခြေအနေသို့ ပြန်ရောက်သွားပြီဖြစ်ပြီး တစ်ချိန်တည်းမှာပင် ပို၍သန့်စင်ကာ ယခင်ထပ် ပိုသန်မာသွားပြီ ဖြစ်သည်။ လျှိုစွေ့ဖုန်းသည် အော်ဟစ်လျက်ရှိလေ၏။

"မီးလျှံသခင်... မီးလျှံသခင်..."

သူ့ခေါ်သံကို မည်သူကမျှ ပြန်မဖြေချေ။ မီးလျှံသခင်မှာ အသတ်ခံလိုက်ရပြီ ဖြစ်ရကား သူ့ခေါ်သံကို မည်သို့ ပြန်ထူးနိုင်ပါမည်နည်း။

အသံထွက်ရယ်နေရင်း ယန်ပုကွေ့သည် ပင်ပန်းနွမ်းနယ်နေသော သူ၏ ဒဏ်ရာရငယ်သားများကို ဦးဆောင်ကာ လူရိုင်း သားရဲသိုင်းသမားတို့နှင့် ခက်ခဲသည့် တိုက်ပွဲတစ်ပွဲကို ထပ်မံဆင်နွှဲလိုက်တော့သည်။ တစ်ချိန်တည်းမှာပင် လျှိုစွေ့ဖုန်းနှင့် လုန္ဒြီယွမ်တို့သည် သူတို့၏ သက်တော်စောင့်များကို ဒူးလေးများဖြင့် ပစ်ခတ်ကြရန် အမိန့်ပေးလိုက်၏။

ဝူကျိသည် လေပြင်းတစ်ချက်သကဲ့သို့ တဟုန်ထိုး ပြေးတက်လာကာ ကျောက်ကမ္ပည်းတိုင် သုံးခုကို ဆွဲကိုင်၍ ပုခုံးပေါ်တင်လိုက်တော့သည်။ ထိုကျောက်ကမ္ပည်းတိုင်တို့မှ အမည်မသိသတ္တုတစ်မျိုးမှ ပြုလုပ်ထားခြင်းဖြစ်ပြီး ခိုင်မြဲသန်မာသော်လည်း အတော်လေးပေါ့ပါးပေသည်။ သူတို့သုံးခု၏ စုစုပေါင်းအလေးချိန်မှာ ပေါင်သုံးဆယ်သာရှိသည်။ သူ့ဆီမှ ကျောက်ကမ္ပည်းတိုင်များကို လုရန်ကြိုးစားနေသည့် လျှိုစွေ့ဖုန်း၏ သက်တော်စောင့်နှစ်ယောက်ကို ဆောင့်ကန်ကာ ဝူကျိ ကအော်လိုက်လေသည်။

"ယန်သခင်ကြီး.... သွားကြရအောင်..."

ယန်ပုကွေ့လည်း ကျယ်လောင်စွာ ရယ်မောလျက် ခပ်တင်းတင်းအော်ဟစ် အမိန့်ပေးလိုက်တော့သည်။

"ငါတို့ရပြီကွ... ငါ့တို့လူတွေရဲ့ အလောင်းတွေကောက်ခဲ့.... ပြန်ဆုတ်ကြမယ်..."

ကင်းထောက်အရာရှိများက ဝူကျိ အနားတွင် အလုပ်များနေသည်။ သူတို့သည် လမ်းတစ်လျှောက် လုပ်ဖော်ကိုင်ဖက်များ၏ အသက်မရှိသောခန္ဓာကိုယ်များကို ကောက်ယူလျက် လိုဏ်ဂူထဲက လျင်မြန်စွာ ဆုတ်ခွာလိုက်ကြသည်။

အဝေးက တောအုပ်ထဲမှ စည်သံ၊ တံပိုးသံ တို့ကို ဝေဝေဝါးဝါးကြားနိုင်ပေသည်။